ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု အစီအစဉ်



မုရစ်ကြီးကျေးရွာအုပ်စု၊မုရစ်ကြီးကျေးရွာ

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

၁။ ချောင်းဆုံမြို့နယ်ပြဖြေပုံ....3

၂။ မုရစ်ကြီးကျေးရွာတည်နေရာပြဖြေပုံ....5

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း....6

၄။ ကျေးရွာအခြေခံအချက်အလက်များ....6

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား....7

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ.... 12

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ.... 24

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း.... 25

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)....Error! Bookmark not defined.

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)....Error! Bookmark not defined.

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)....Error! Bookmark not defined.

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)....Error! Bookmark not defined.

၁၃။ အစည်းအဝေးမှတ်တမ်းများ....Error! Bookmark not defined.

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ.... 27

၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ.... 27

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ.... 28

၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ




ကျေးရွာဖွဲ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
မုရစ်ကြီးကျေးရွာအုပ်စု၊မုရစ်ကြီးကျေးရွာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်

မုရစ်ကြီးကျေးရွာအုပ်စု၊မုရစ်ကြီးကျေးရွာ

၂။ မုရစ်ကြီးကျေးရွာတည်နေရာပြမြေပုံ



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
မုရစ်ကြီးကျေးရွာအုပ်စု၊မုရစ်ကြီးကျေးရွာ

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

ကျေးရွာအုပ်စုအမည်	ကျေးရွာအမည်
မုရစ်ကြီးကျေးရွာအုပ်စု	မုရစ်ကြီးကျေးရွာ

၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - မုရစ်ကြီးကျေးရွာ

ကျေးရွာအုပ်စုအမည် - မုရစ်ကြီးကျေးရွာအုပ်စု

လူဦးရေ - ကျား - ၁၇၀၁၊ မ ၁၉၁၆၊ စုစုပေါင်း ၃၆၁၇ ဦး

အိမ်ထောင်စု - ၇၄၅စု

ကျန်းမာရေးဆေးပေးခန်း - မရှိ

ပညာရေးအဆောက်အဦး -အ. လ. က ကျောင်း

လူမှုရေးအဆောက်အဦး - ကျေးရွာဇရပ်၊ ဘုန်းကြီးကျောင်း (၂) ကျောင်း၊ စေတီ (၁) ဆူရှိပါသည်။

အဓိက စီးပွားရေးလုပ်ငန်း - လယ်ယာလုပ်ငန်း၊ ကျဘမ်း၊

အဓိက ပိုင်ဆိုင်မှု - လယ်ယာ၊ မြေ၊ ဥယျာဉ်ခြံ

အခြားဆက်နွယ်မှု ရှိ/မရှိ - အုပ်စုအတွင်း ကျေးရွာများနှင့်ချိတ်ဆက်မှုရှိ

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

စဉ်	အကြောင်းအရာ	ရက်စွဲ	ဦးတည်အုပ်စု	တက်ရောက်သူ			အဓိကဆွေးနွေးချက်များ
				က	မ	ပ	
၁	ကျေးရွာလူမှုရေးပြ၊ သယံဇာတပြမြေပုံ၊ (Social Map, Resources Map)	3.10.17	ကျေးရွာလူထု	61	149	210	- ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း - ၎င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက် လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း)
၂	လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking)	3.10.17	ကျေးရွာလူထု	61	149	210	- ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာဓန ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။ - ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အ တားများကို ရှာဖွေဖော်ထုတ် ခြင်း။ - အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေ များကိုလေ့လာဖော်ထုတ်ခြင်း။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
မုရစ်ကြီးကျေးရွာအုပ်စု၊မုရစ်ကြီးကျေးရွာ

၃	ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar)	3.10.17	ကျေးရွာလူထု	61	149	210	- ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။ - အစာရေစာရရှိနိုင်မှု၊ ကျန်းမာ ရေးပြဿနာများ၊ အိမ်ထောင်စု များအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အ ခဲများကို ဆွေးနွေးခြင်း။ - အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်း များကိုဆွေးနွေးခြင်း။

စဉ်	အကြောင်းအရာ	ရက်စွဲ	ဦးတည်အုပ်စု	တက်ရောက်သူ			အဓိကဆွေးနွေးချက်များ
				က	မ	ပ	
၄	အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram)	4.10.2017	ကျေးရွာလူထု	56	153	209	- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၄င်းအ ဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုး ရေးလုပ်ငန်းများကို ချိတ်ဆက် လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။
၅	ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web)	4.10.2017	ကျေးရွာလူထု	56	153	209	- ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍ ကိုသိရှိနိုင်ရန်နှင့် ၄င်းတို့ကိုယ် တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ် ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများ ကိုသိရှိနားလည်စေရန်။
၆	ကျေးရွာ၏ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲခြင်း (Village Development Visioning)	4.10.2017	ကျေးရွာလူထု	56	153	209	- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား (၅) နှစ်စာအတွက် အမျိုးသား/အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးချမှတ်ခြင်း။

၇	ကျေးရွာ၏ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်း များအဆင့်သတ်မှ တ်ခြင်း (Village Development Priorities)	4.10.2017	ကျေးရွာလူ ထု	56	153	209	- ယခုနှစ်လုပ်ငန်းအကောင်အထည်ဖော် မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသား/အမျိုးသမီးများအပါဝင် ကျေးရွာလူထုတစ်ရပ်လုံးဖြင့် အစဉ်လိုက် ဦးစားပေးသတ်မှတ်ခြင်း။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်


မုရစ်ကြီးကျေးရွာအုပ်စု၊မုရစ်ကြီးကျေးရွာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်

မုရစ်ကြီးကျေးရွာအုပ်စု၊မုရစ်ကြီးကျေးရွာ

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၆.၁ အရင်းအမြစ်ပြမြေပုံ



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
မုရစ်ကြီးကျေးရွာအုပ်စု၊မုရစ်ကြီးကျေးရွာ

မုရစ်ကြီးကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်

မုရစ်ကြီးကျေးရွာသည် ကလော့ကျေးရွာအုပ်စုတွင်ပါဝင်ပြီး အိမ်ထောင်စု စုစုပေါင်း (၃၈၉) စု ရှိကာ လူဦးရေစုစုပေါင်း (၂၃၀၅) ဦးနေထိုင်သည့် ကျေးရွာဖြစ်ပါသည်။ မွန်လူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ ကျေးရွာ၏အဓိကအသက်မွေး ဝမ်းကြောင်းလုပ်ငန်းအဖြစ် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြသည်။ အချို့မှာ ကိုယ်ပိုင်လယ်မြေ၊ ခြံများပိုင်ဆိုင်ကြသော်လည်း အချို့တွင် ကျဘမ်းလုပ်ငန်းများလုင်ကိုင်ကြပါသည်။

ကျေးရွာအတွင်းတွင် ဘာသာရေးအဆောက်အဦများအနေဖြင့် ဘုန်းတော်ကြီးကျောင်း (၂) ကျောင်းရှိပါသည်။ ရွာတွင်းစေတီ (၁) ဆူရှိပါသည်။

ကျေးရွာအတွင်းတွင် အများပြည်သူများသုံးစွဲနိုင်မည့် အခြေခံအဆောက်အဦများ ပြည့်စုံလုံလောက်မှုမရှိသေးဘဲ လိုအပ်ချက်များပြားစွာရှိနေသေးသည်ကိုတွေ့ရသည်။

သောက်သုံးရေရရှိမှုအခြေအနေ

ကျေးရွာအတွင်းတွင် သောက်သုံးရေအတွက် ရေအရင်းအမြစ်များဖြစ်သည့် ရေတွင်း၊ ရေကန်များရှိသော်လည်း နွေရာသီတွင် လုံလောက်မှုမရှိသဖြင့် ရေရှားပါးသည့်ခက်အခဲ ရှိနေသည်ကိုတွေ့ရှိရသည်။

လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ကျေးရွာအတွင်းအဓိကအသုံးပြုလျက်ရှိသည့်လမ်းမှာ မြေသာလမ်းများဖြစ်ပြီး မိုးရာသီတွင် မိုးရေတိုက်စားမှုကြောင့် လမ်းပျက်စီးကာ သွားလာရခက်ခဲကြောင်းသိရှိရသည်။

ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍတွင်လည်း ကျေးရွာအတွင်း အ. မ. က စာသင်ကျောင်းသာရှိပြီး အလယ်တန်းပညာကို ်တက်ရောက်သင်ကြားရပါသည်။ မုရစ်ကြီးကျေးရွာ ကျောင်းဖွင့်သည့်ကာလမှာ မိုးရာသီဖြစ်သဖြင့် လမ်းများပျက်စီးနေသောကြောင့် ကလေးငယ်များ စာသင်ကျောင်းသို့သွားရာတွင် အခက်အခဲ အနည်းငယ်ကြုံတွေ့ရကြောင်း သိရှိရ သည်။ မုရစ်ကြီးကျေးရွာ၏စာသင်ကျောင်းဆောင်သစ်သည်ခြံစည်းရိုးမရှိသော်ကြောင့်ကလေးများအတွ က် ကလေးများဆော့ကစားရာတွင် နေရာများအခက်ခဲရှိပါသည်။

ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးပြုစုစောင့်ရှောက်မှုအနေဖြင့်လည်း ကျေးရွာအတွင်းတွင် ကျေလက်ဆေးပေးခန်းမရှိ၊အချို့ကျန်းမာရေးဝန်ထမ်းလည်း တခါတရံလာရောက်ကုသမှု လုပ်ပေးသည် အခြေခံကျန်း

မာရေး ပြဿနာများ ကြုံတွေ့ပါက မုရစ်ကြီးကျေးရွာ ကျေးလက်ဆေးပေးခန်းတွင်သွားရောက်ကုသ အရေးပေါ်အခြေအနေများ ကြုံတွေ့ပါက နီးစပ်သောချောင်းဆုံတိုက်နယ်ဆေးရုံးတွင်းကုသပါသည်။ တချို့မှာ တခြားနေရာတွင်ကုသပါသည်

စီးပွားရေး

အဓိကအသက်မွေးဝမ်းကြောင်းအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။ မြေယာပိုင်ဆိုင်မှုမရှိသည့် အချို့သောကျေးရွာသူ/သားများမှာငါးဖမ်းလှေနှင့် ကျဘမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်း ကျောင်းပြုကြသည်။ အလုပ်အကိုင်ရှားပါးခြင်း၊ စားဝတ်နေရေး ကျပ်တည်းခြင်းတို့ကြောင့် နိုင်ငံရပ်ခြား (အထူးသဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံ) တွင် သွားရောက်လုပ်ကိုင်ကြသူများလည်းရှိကြောင်း သိရသည်။

အချုပ်အားဖြင့် မုရစ်ကြီးကျေးရွာတွင်အများပြည်သူများ လက်လှမ်းမီစွာဖြင့် အလွယ်တကူသုံးစွဲ၍ အကျိုးဖြစ်ထွန်းစေနိုင်မည့်အခြေခံအဆောက်အဦး နည်းပါသည့်အတွက်လိုအပ်ချက်များစွာ တွေ့ရှိသည်။

၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြဗန်ကားချပ်



မုရစ်ကြီးကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်

မုရစ်ကြီးကျေးရွာအုပ်စု၊ မုရစ်ကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့

၂။ မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၃။ အမျိုးသမီးရေးရာအဖွဲ့

၄။ မိခင်နှင့်ကလေးအဖွဲ့

၅။ မွန်စာပေယဉ်ကျေးမှုအဖွဲ့

၆။ နာရေးကူညီမှုအဖွဲ့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
မုရစ်ကြီးကျေးရွာအုပ်စု၊မုရစ်ကြီးကျေးရွာ


၇။ မီးလင်းရေးအဖွဲ့

၈။ ကျေးရွာလူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုကော်မတီအဖွဲ့

၉။ သမအဖွဲ့

ဖော်ပြပါအဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့အစည်းများ လုပ်ဆောင်နေကြသော်လည်း အချင်းအချင်းချိတ်ဆက်လုပ်ဆောင်မှု အားနည်းနေသည်ကို တွေ့ရပါသည်။ ၄င်းအပြင် သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုချင်းစီအနေဖြင့်လည်း ရံပုံငွေ မရှိခြင်း၊ တိကျသောတာဝန်ဝတ္တရားများ သတ်မှတ်ထားရှိမှုမရှိသေးခြင်းတို့အပြင် ကျေးရွာဖွံ့ဖြိုးရေး အတွက် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များတိကျစွာချမှတ်ထားခြင်းများ မရှိသေးသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်ရာတွင် ထိရောက်မှု အားနည်းနေသည့် အတွက် အားနည်းပြီး နောင့်နေးနေမှုများစွာရှိနေသည်ကို တွေ့ရသည်။ ကျေးရွာ၏လိုအပ်ချက်များကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးဌာနနှင့် ချိတ်ဆက်ပြီး လုပ်ဆောင်ခဲ့သည်။ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့သည် ဩဇာအာဏာနှင့်လုပ်ပိုင်ခွင့် အပြည့်အဝရှိသည်။ ရွာ၏ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပရဟိတလုပ်ငန်းများတွင် အဓိကဦးဆောင်ပြီး လုပ်ဆောင်ခဲ့သည်။ ကျေးရွာအတွင်းရှိ ကွန်ကရစ်ခင်းခြင်း ပေါင်းကူးတံတားငယ်များပြုပြင်ပေးခြင်း လမ်းဘေးရေနုတ်မြောင်း ပြန်လည် တားဒဖော်ခြင်းစသော ကိုယ်ထူကိုယ်ထ လုပ်ငန်းများကိုအုပ်ချုပ်ရေးအဖွဲ့နှင့် ကျန်သော အဖွဲ့အစည်းများချိတ်ချက်ပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ကျန်သောအဖွဲ့အစည်းများလည်း မိမိတို့၏ လုပ်ဆောင်ရမည့် အလုပ်အပေါ်မူတည်၍ အခြားအဖွဲ့အစည်းများ (သို့) ပြင်ပ အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ကြသည်။

၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း




ဓနအင်အား အဆင့်သတ်မှတ်ခြင်း

အဆင့်	သတ်မှတ်ချက်	အိမ်ထောင်စု အရေအတွက်	ကိုယ်စားပြု
A	တိုက်အိမ်၊ ကား၊ အာမခံစက်၊ ပျဉ်ထောင်အိမ်၊ ဆွေးဆိုင် ကိုယ်ပိုင်လုပ်ငန်း၊ လယ် (၁၀) ဧကနှင့်အထက်၊ အိုင်ကယ်	၈၀	၃၀
B	ပျဉ်ထောင်အိမ်၊ အုတ်ဂူပုံအပေါ်မိုးအိမ်၊ တော်လာကျီ၊ ဆိုင်ကယ်၊ ဆွေး ဆိုင်ဆွေး၊ လယ် (၅)ဧကမှ (၉)ဧကအတွင်း ငါးဖမ်းလှေ၊ ပန်ဒုံရုပ်အပေါ်၊ လက်သမား၊ တိုက်ပုအိမ်	၁၂၆	၃၃
C	ငါးအိမ်၊ ကျေးကမ်း၊ ဓနံအား၊ ငါးဖမ်းသမား၊ အခြားရုပ်သဘော၊ ဂဏန်းနှိက်သမားများ၊ အိမ်ခြံမြေဖာ်ထုံ ဖြစ်ခြင်း၌ ပွဲတော်ဆွေး သဘော	၁၈၃	၄၇

မုရစ်ကြီးကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်

မုရစ်ကြီးကျေးရွာ၏အိမ်ထောင်စု (၃၈၉) စုရှိပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၁၅၉) စုနေထိုင်ကြသည်။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုသည် ထိခိုက်လွယ်သောအုပ်စု (၅၀) ခန့်ရှိသည်ကိုတွေ့ရသည်။ အိမ်ထောင်စု (၅၀) ခန့်သည် တိုက်အိမ်၊ ကား၊ ဆန်စက်၊ ပျဉ်ထောင်အိမ်၊ ဆွေးဆိုင်၊ ကိုယ်ပိုင်လုပ်ငန်း၊ လယ် (၁၀) ဧကနှင့်အထက်၊ ဆိုင်ကယ် ပိုင်ဆိုင်ပြီး ဓနအင်အားအဆင့် (ချမ်းသာ) အဆင့်သတ်မှတ်သည်။ ကျန်အိမ်ထောင်စု (၃၀) ခန့်သည် တနှစ်ဝင်ငွေ မှာ ပျမ်းမျှ (၅၀၀၀၀၀၀) ကျပ်ခန့်ရှိသည်။ အိမ်ထောင်စု (၁၀၀) စုခန့်သည် တိုက်ပုအိမ်၊ ပျဉ်ထောင်အိမ် ၊အုတ်ညှပ်သွပ်မိုးအိမ်၊ ထော်လာကျီ၊ ဆိုင်ကယ်၊ ဆွေးဆိုင်ဆွေးရောင်း၊ လယ် (၅) ဧကနှင့်အအောက် ငါးဖမ်းလှေ၊ ပန်းရံလုပ်သူ၊ လက်သမားစသည့် (အလယ်အလတ်) ဓနအင်အားအဆင့်သတ်မှတ်သည်။ အိမ်ထောင်စု (၁၈၀) ကျော်သည် ဝါးအိမ်၊ ကျဘမ်၊ နေ့စား၊ ငါးဖမ်းသမား၊ ခဓောက်လုပ်သမား၊ ဂဏန်း နှိက်သမားများ၊ အိမ်ခြံမြေဖာ်ထုံ၊ ခေါင်းရွက်ဆွေးသည် လုပ်ကိုင်စားသောက်သူများဖြစ်ပြီး ဓနအင်အား အဆင့် (နွမ်းပါးနှင့်အလွန်နွမ်းပါး) တွင်သတ်မှတ်သည်။

၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



မုရစ်ကြီးကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း

မုရစ်ကြီးကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အဆင့် (၁၀) ဆင့် အချက် (၁၀) ချက်ဖြင့် သုံးသပ်ဆွေးနွေးခဲ့ပါသည်။

အိမ်မှုကိစ္စ

အိမ်မှုကိစ္စရပ်များတွင် အမျိုးသမီးများမှသာ ဦးဆောင်နေသည်ကို တွေ့ရသည်။ အကြောင်းမှာ အိမ်မှုကိစ္စရပ်များအား အစဉ်အလာအရ အမျိုးသမီးများနှင့်သာ သက်ဆိုင်သည်ဟု ခံယူထားကြပြီး အမျိုးသမီးများမှသာ ဦးဆောင်ရွက်ပြုကာလုပ်ကိုင်နေကြသောကြောင့်ဖြစ်သည်။ယခုသည် စီမံကိန်းတွင်အမျိုးသားများသည် ကျားမရေးရာကဏ္ဍတွင် အမျိုးသားများပါဝင်ဆွေးနွေးလာခြင်းကြောင့် အိမ်မှုကိစ္စများ ပါဝင်ပြီးလုပ်ဆောင်လာကြသည်။

ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ဌင်းကဏ္ဍတွင် အမျိုးသား၏ပိုင်ဆိုင်မှုသည်အမျိုးသမီး၏ပိုင်ဆိုင်မှုအထက်အနည်းငယ်ကွာဟမှုရှိနေသည်ကိုတွေ့ရသည်။ ခြံမြေ၊ လယ်ယာမြေစသည့် ကိစ္စများသည် အိမ်ထောင်ဦးစီးဖြစ်သော အမျိုးသားများသာပိုင်ဆိုင်မှုများ အားသာနေသည်။

အလုပ်အကိုင်အခွင့်အလမ်း

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများသည် အမျိုးသမီးများထက်ပို၍ အခွင့်အရေးများ ကြောင်းတွေ့ရသည်။ အကြောင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စရပ်များတွင်သာ အချိန်ပြည့်နီးပါး လုပ်ကိုင်နေရခြင်း၊ အလုပ်လုပ်နိုင်သော အခွင့်အလမ်းများမှာလည်း များသောအားဖြင့် အမျိုးသားများ သာအားသာခြင်းကြောင့်ဖြစ်သည်။

ဝင်ငွေရရှိမှု

ဝင်ငွေရှာဖွေရာတွင် အမျိုးသားများသည် အလုပ်လုပ်ရာတွင် ပင်ပန်းခံနိုင်ခြင်း၊ အလုပ်မရွေးခြင်းကြောင့် အိမ်ထောင်စုအတွက်ဝင်ငွေရှာဖွေရာတွင် အမျိုးသားများသည် အားသာသည် အမျိုးသမီးသည် အိမ်မှုကိစ္စများသောကြောင့် ဝင်ငွေရှာဖွေရာတွင် အမျိုးသားထက် ပိုမိုအားနည်းသည်တွေ့ရသည်။

လုံခြုံမှု

လုံခြုံမှုသည် အမျိုးသားနှင့်အမျိုးသမီးများ၏ ဘဝလုံခြုံရေးသည် ကွာဟမှုများစွာရှိပြီး အမျိုးသားများ၏ ဘဝလုံခြုံရေးအပြည့်အဝရှိသည်ကိုတွေ့ရသည်။


ပညာသင်ကြားခွင့်

ပညာသင်ကြားခွင့်တွင်မူ အမျိုးသမီးများမှသာလွန်သည်။ အကြောင်းမှာ စားဝတ်နေရေး အခက် အခဲ၊ စီးပွားရေးအခက်အခဲများကြောင့် အမျိုးသားအများစုမှာ အရွယ်မတိုင်ခင် ကျောင်းထွက်ရပြီး စီးပွားရေးအတွက် လုပ်ငန်းခွင်ဝင်နေကြရခြင်းကြောင့် အမျိုးသမီးများမှာ အမျိုးသားများထက် ပညာ သင်ကြားခွင့်တွင် သာလွန်ကြောင်း လေ့လာသိရှိ ရသည်။

ရပ်ရွာအရေးပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် အရင်းအမြစ်များကိုစီမံခန့်ခွင့်

ကဏ္ဍ (၃) ခုသည်အမျိုးသမီးများ၏ ရပ်ရွာရေးပါဝင်ခွင့်သည် အမျိုးသားများထက်ပို၍ အားနည်း သည်ကိုတွေ့ရသည် အမျိုးသမီးမှာ အိမ်မှုကိစ္စအလုပ်လုပ်နေသောကြောင့် ပရဟိတလုပ်ရာတွင် ချိန်ပေးနိုင်မှုအားနည်းသည်ကိုတွေ့ရသည် ဆုံးဖြတ်ချက်ချခွင့်သည် အမျိုးသားနှင့်အမျိုးသမီးများကွာ ဟမှုအနည်းငယ်သာရှိပြီး ရွာ၏ဖွံ့ဖြိုးရေးလုင်ငန်းနှင့် ပရဟိတလုပ်ငန်းများတွင် အမျိုးသားများ၏ ဆုံးဖြတ်ပိုင်ခွင့် သည် အမျိုးသမီးများထက် များစွာရှိသည်ကိုတွေ့ရပါသည် အမျိုးသမီးများမှာ အိမ်မှုကိစ္စတစ်ခုလုံး တာဝန်ယူ အလုပ်နေသောကြောင့် ဦးဆောင်ပိုင်ခွင့်နှင့်ဆုံးဖြတ်ချက်ချပိုင်ခွင့် အမျိုးသမီးများ အားနည်းနေသည်။ အမျိုသား များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကြောင်းတို့တွင်ဦးစီးလုပ်ဆောင်နေသောကြောင့် ကျေး ရွာအရင်းမြစ်များစီးမံခန့်ခွဲရာတွင် အမျိုးသမီးထက် ပို၍အားသားနေသေးသည်။

၆.၅ ရာသီခွင်ပြဇယား




မုရစ်ကြီးကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်

မုရစ်ကြီးကျေးရွာတွင် တန်ခူး၊ ကဆန်၊ တန်ဆောင်မုန်း၊ တပို့တွဲ၊ တပေါင်းလတို့မှာ အလွန်ပူပြင်းပြီး နယုန်၊ ဝါဆို၊ ဝါခေါင်း၊ တော်သလင်းလတို့မှာ မိုးရွာသွန်းပြီး နတ်တော်၊ ပြာသိုလများတွင် ဆောင်းရာသီလဖြစ်သည် ဆောင်းရာသီလမှာ နံနက်ပိုင်တွင် နှင်းကျကာ နေ့ခင်းပိုင်တွင် ပူသောရာသီ ဖြစ်သည်။ မိုးရာသီတွင်ရေကြီးရေလျှံမှုများဖြစ်သောကြောင့် လမ်းပမ်းဆက်သွယ်ရေးသွားလာရန် အခက်ခဲသည်။ ရေစီးရေလာမကောင်းခြင်း၊ရေဝပ်ခြင်းကြောင့် မိုးရာသီတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်သည် ဝမ်းသွားဝမ်းလျှောရောဂါနှင့် တခြားရောဂါများဖြစ်ကြသည် ဝါခေါင်းလတွင် မိုးလွန်ကြီးသောလဖြစ်သောကြောင့် နွမ်းပါးသောမိသားစုများသည် ဝင်ငွေရှာရာတွင် အခက်ခဲကြုံတွေ့သည်။ စိုက်ပျိုးရေးလုပ်ငန်းသည် အိမ်ထောင်စုအနည်းငယ်အလုပ်ကိုင်ကြသည် စိုက်ပျိုးရေးကဏ္ဍတွင် လယ်သမားများအနေနဲ့တခူးလတွင် တဲပြင်ခြင်း၊ ဝဲကျခြင်း၊ လယ်ထွန်းကြပြီး မအားလပ်နိုင်ကြသည်။ ဝါဆိုလတွင် ကောက်စိုက်ခြင်းလုပ်ငန်းများ အဓိကလုပ်ကိုင်ကြသည် နေ့စားသမားသည် ပုံမှန်ဝင်ငွေရသည်။ ရေလုပ်ငန်းသည် နယုန်၊ ဝါဆို၊ ဝါခေါင်းလတွင် မိုးတွင်းကာလဖြစ်သောကြောင့် အလုပ်အကိုင်ရှား၍ ဝင်ငွေရရှိမှုနည်းသည်ကိုတွေ့ရသည်။ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပေါင်း၊

အတန်ခူးလတို့တွင် လှေလိုက်ခြင်း၊ ငန်းဖမ်းခြင်း၊ ကဏာန်းနှိုက်ခြင်း၊ ငါးကန်ပက်ခြင်း၊ ငါးရောင်းခြင်း စ သည့်လုပ်ငန်းများလုပ်ကိုင်ကြပြီး ဝင်ငွေရရှိသည်။ ကျဘမ်းသမားသည်တနှစ်တာတွင်ပွင့်လင်းရာသီသာ အလုပ်ကိုင်ပေါ်ပြီး မိုးတွင်းကာလမှာ မိုးရွာရေကြီးခြင်းကြောင့် အလုပ်ကိုင်ရှားပါသည်တွေ့ရသည် ရေရရှိမှုသည် နယုန်၊ ဝါဆို၊ ဝါခေါင်း၊ တော်သလင်း၊ သီတင်ကျွတ်၊နတ်တော်၊ ပြာသိုလများသည် ရေရှုမှုများလုံလောက်သုံးစွဲကြသည်။ တပေါင်းလတွင် ရေအနည်းငယ်ရှားလာသည် တခူး၊ ကဆုန်လတွင် ရေခမ်းခြောက်လာပြီး ရေစရှားသည် တခြားကျေးရွာမှ လာရောက်ရေပေးဝေသည် ရေရှားသည့်ပိုင်းသည် အိမ်ထောင်စု(၄၀) စုသည်သောက်သုံးရေမလုံလောက်၍ အမျိုးသမီးများစုသည် ရေခပ်ယူခြင်း ရေသယ်ယူခြင်း ပြုလုပ်ရသည် ရေရှားမှုဒဏ်ခံစားရသည်။ ပွဲတော်လတွင် ဘီလူးကျွန်း၏ ရိုးရာဓလေ့ဖြစ်သောကာလမှာတခူးလတွင် ကျေးရွာတိုင်းတွင်ဘုရားပွဲကာလရာသီဆင်နွှဲလေ့ကြပြီး အမျိုသားနှင့် အမျိုးသမီးများ တန်းတူပါဝင်ဆင်နွှဲကျင်းပသည်။ သီတင်ကျွတ်လတွင်သက်ကြီးရွယ်အိုများကန်တော့ခြင်း၊ဘုန်းကြီးကျောင်းသွားခြင်း၊ ဘုရားကျောင်းကန်သွားခြင်း၊ ကုသိုလ်ကောင်းမှုပြုလုပ်သည် သီတင်ကျွတ်လ မီးထွန်းပွဲတော် တန်ဆောင်မုန်းလ တန်ဆောင်တိုင်ပွဲတော်ပျော်ပွဲရွှင်ပွဲများဆင်နွှဲကြသည်ကိုတွေ့ရသည်။

၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



မုရစ်ကြီးကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်

အထက်ဖော်ပြသောကြောင်းများသည်ကျေးရွာ၏အရင်းအမြစ်များဖြစ်သည့် အမျိုးသားများ လယ်ယာများ အမျိုးသမီးများသည် စက်ချုပ်သင်တန်း စာသင်ကျောင်း စျေးဆိုင် စျေးရောင်း ခမောက်လုပ်ငန်းများ ပိုင်ဆိုင်ပြီး အမျိုးသားနှင့်အမျိုးသမီးများသည် လယ်ယာ၊ ငန်းဖမ်းလုပ်ငန်း၊ ကား၊ ထော်လာဂျီ၊ ဘုန်းကြီးကျောင်း၊လမ်း၊ တံတား၊ ရေလှောင်ကန်၊ စာသင်ကျောင်း၊ ချောင်း နှစ်ဦးစလုံး သုံးပြုပြီး ထိန်းချုပ်သည့်နေရာမှာလည် အတူတူဆုံးဖြတ်ကြသည်။ ကျေးရွာတွင်ရှိသော အဆောက်အဦးများ၏ အရင်းအမြစ်များသည် အမျိုးသားနှင့် အမျိုးသမီးများ ပိုင်ဆိုင်ကြသည် တွေ့ရသည် ထိန်းချုပ်မှုသည် အမျိုးသားများနှင့်အမျိုးသမီးများနှစ်ဦးစလုံးရှိသည်ကိုတွေ့ရပြီး အမျိုးသားများသည် ထိန်းချုပ်သည့်နေရာတွင် အနည်းငယ်သာနေကြောင်းတွေ့ရသည် ထိုအကြောင်းများသည် အမျိုး သမီးများ အိမ်မှုကိစ္စကိုဦးစားပေးလုပ်ကိုင်နေရခြင်း၊ ရွာ၏ဖွံ့ဖြိုးရေးငန်းများနှင့် အခြားပရဟိလုပ်ငန်း များတွင် ဝင်ရောက်လုပ်ကိုင်ရန် စိတ်ဝင်စားမှုနည်းခြင်း အချိန်မပေးနိုင်ခြင်းကြောင့်တွေ့ရသည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
မုရစ်ကြီးကျေးရွာအုပ်စု၊မုရစ်ကြီးကျေးရွာ

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	ကျေးရွာအုပ်စု	ကျေးရွာ	ဖွဲ့စည်းသည့်ရက်စွဲ	ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအမည်	ရာထူး
၁	မုရစ်ကြီး	မုရစ်ကြီး	၃-၇-၂၀၂၃	ဦးကျော်သိန်း	ဥက္ကဋ္ဌ
၂				ဦးညီမြင့်	အတွင်းရေးမှူး
၃				ဒေါ်မြင့်ဌေး	ဥက္ကဋ္ဌ
၄				ဦးအုန်းမောင်	ဘဏ္ဍာရေးမှူး
၅				ဦးခင်အောင်	စာရင်းကိုင်
၆				ဦးအုန်းငွေ	အဖွဲ့ဝင်
၇				ဒေါ်မြတ်မော်	အဖွဲ့ဝင်
၈				ဒေါ်စန်းဌေး	အဖွဲ့ဝင်
၉				ဒေါ်တင်ဝင်းမော်	အဖွဲ့ဝင်
၁၀				ဦးထွန်းဝင်း	အဖွဲ့ဝင်
၁၁				ဦးပန်းညွှန့်	အဖွဲ့ဝင်
	စုစုပေါင်း			(၁၁)ဦး	

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
မုရစ်ကြီးကျေးရွာအုပ်စု၊မုရစ်ကြီးကျေးရွာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
မုရစ်ကြီးကျေးရွာအုပ်စု၊မုရစ်ကြီးကျေးရွာ

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

စဉ်	အဆိုပြုသူ	အခက်အခဲ၊ အတားအဆီးများ
၁	ကျား/မ	ကျောင်းခြံစည်းရိုးမရှိသောကြောင့်ကလေးများကစားရာတွင်လုံခြုံမှုအခက်ခဲခြင်း။
၂	ကျား/မ	မိုးရာသီတွင်ရေကြီးရေလျှံခြင်းကြောင့်လမ်းများပျက်စီး၍သွားလာရေးအခက်ခဲခြင်း
၃	ကျား/မ	ရေမြောင်ပိတ်ဆို့မှုကြောင့်ရေသွားလာရန်အခက်ခဲခြင်း။
၄	ကျား/မ	ကျေးရွာတွင်းတံတားများပျက်စီးမှုကြောင့်သွားလာရာရန် အခက်ခဲခြင်း။
၅	ကျား/မ	အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာများ၊ အသိပညာများအားနည်းခြင်းကြောင့် ဝင်ငွေရရှိမှုနည်းပါးပြီး စားဝတ်နေရေးကျပ်တည်းခြင်း

၁၅။ ၂၀၂၃-၂၀၂၄ခု နှစ်အတွင်းမျော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

စဉ်	အဆိုပြုသူ	လုပ်ငန်း
၁	ကျား/မ	ရေပိုက်လိုင်းသွင်တန်းခြင်း

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
မုရစ်ကြီးကျေးရွာအုပ်စု၊မုရစ်ကြီးကျေးရွာ

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

	အ ဆင့်	လုပ်ငန်းအမည်	အဆို ပြုသူ	ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု	ပြင်ပမှမည်သူ ထောက်ပံ့မလဲ
အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ	၁	စက်ချုပ်သင်တန်း	မ		
	၂	ဖုန်းပြုပြင်နည်းသင်တန်း	ကျား/မ		
	၃	မိတ်ကပ်နှင့်အလှပြုပြင်ရေးသင်တန်း	မ		
	၄	ပန်းအလှထိုးသင်တန်း	မ		
	၅	ဆိုင်ကယ်ပြုပြင်ရေးသင်တန်း	ကျား		
အခြေခံအဆောက်အဦ	၁	အမကကျောင်းခြံဝင်းခတ်ခြင်း	ကျား/မ		
	၂	လှည်းကူးတံတား(၂) စင်းတည်ဆောက်ခြင်း	ကျား/မ		
	၃	ကွန်ကရစ်လမ်းခင်းခြင်း	ကျား/မ		
	၄	ရေမြောင်းအုတ်စီခြင်း	ကျား/မ		

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်း နှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ

ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။